ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇ - ၂၀၁၈)

## Village Development Plan (VDP)

မိုင်းထမ်းကျေးရွာ၊ ဘောလခဲကျေးရွာအုပ်စု၊ ဘောလခဲမြို့နယ်

**မာတိကာ**


၁။ ဘောလခဲမြို့နယ်မြေပုံ

၂။ မိုင်းထမ်းကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၃။ ဘောလခဲမြို့နယ်မြေပုံ



## ၂။ မိုင်းထမ်းကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | မိုင်းထမ်းကျေးရွာ | ၁၀၇ | ၂၃၇ | ၂၁၄ | ၄၅၁ |
| ၂ | ရေနီပေါက်ကျေးရွာ | ၇၆ | ၁၈၂ | ၁၇၅ | ၃၅၇ |
| ၃ | ဝမ်ချယ်ကျေးရွာ | ၇၇ | ၁၉၈ | ၁၉၂ | ၃၉၀ |
| | **စုစုပေါင်း** | ၂၆၀ | ၈၇၈ | ၅၈၁ | ၁၁၉၈ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်၊ ဘောလခဲကျေးရွာအုပ်စုရှိ မိုင်းထမ်းကျေးရွာသည် ပွန်ချောင်း၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး၊ လူဦးရေအားဖြင့် ကျား(၂၄၅)ဦး၊ မ(၂၂၀)ဦး၊ စုစုပေါင်း(၄၆၅)ဦး ခန့်နေထိုင်ကြပါသည်။ မိုင်းထမ်းဆိုသည်မှာ ယခင်ကရှမ်းလိုအခေါ်မိန်းထမ်ဟူ၍ဖြစ်သည်။ မိန်းဆိုသည်မှာ တိုင်းပြည်ဟုအဓိပ္ပါယ်ရပြီး၊ ထမ်းဆိုသည်မှာ ဂူပေါက်ဟူ၍ဖြစ်သည်။ ထို့ကြောင့်မိန်းထမ် (ဂူပေါက်တိုင်းပြည်)ဟု အဓိပ္ပါယ်ရပါသည်။ ထိုသို့ခေါ်ဆိုခြင်းမှာ ကျေးရွာအရှေ့ဘက်ပတ်ဝန်းကျင်တွင် ဂူပေါက်ကြီး၊ ငယ် အများအပြား ရှိခြင်းကြောင့်ဖြစ်သည်။ မိန်းထမ်ဟုခေါ်ရာမှ မြန်မာလိုအရေးအသားမိုင်းထမ်းဟူ၍ ဖြစ်လာကာယနေ့တိုင် မိုင်းထမ်းဟုသာခေါ်ဝေါ် ရေးသားကြတော့သည်။

၎င်းကျေးရွာရှိလူမျိုးနွယ်စုများမှာ ရှမ်း၊ ကယား၊ ဗမာမျိုးနွယ်စုများဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ရိုးရာတံခွန်တိုင်နတ်ကိုးကွယ်မှုများလည်းရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ ရေထွက်ပေါက်များအနီးတွင် နတ်ကွန်းငယ်ကလေးများ ဆောက်ကာပူဇော်ပသသည့်ဓလေ့လည်း ရှိပါသည်။ ထို့အပြင် ကယားလူမျိုးများသည်လည်း နှစ်စဉ် ဒီးကူပွဲ ကျင်းပလေ့ရှိပါသည်။ အခါအားလျော်စွာ စုပေါင်းရှင်ပြုပွဲအား နီးစပ်သောကျေးရွာများ နှင့် အတူတကွ ပြုလုပ်လေ့ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာချင်းဆက်လမ်းသည် ကျောက်ချောလမ်း နှင့် ရွာတွင်းလမ်းမှာမူ မြေသားလမ်းများ ကျန်ရှိနေပါသေးသည်။ ယင်းကျေးရွာတွင် အစိုးရအလယ်တန်းကျောင်း နှင့် ကျေးလက်ဆေးပေးခန်းလည်း ရှိပါသည်။ ရေအရင်းအမြစ်မှာ ရေထွက်ပေါက်ရှိသည့်အားလျော်စွာ ကျေးရွာအတွင်း သောက်သုံးရေ လုံလောက်မှုရှိပါသည်။


ကျေးရွာလူထု၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ တောင်ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ပါသည်။ အနည်းစုမှာ တံငါလုပ်ငန်းအား လုပ်ကိုင်ကာ၊ တောလိုက် (မုဆိုးလိုက်) ခြင်းများလည်းရှိသည်။ မိုင်းထမ်းကျေးရွာကိုတည်ထောင်ခါစတွင် ဦးဆန်မတ် ၊ ဦးကျော်ဟိုး နှင့် လွန်းဆိုင်တို့မှ အိမ်ခြေ (၃) အိမ်ဖြင့်သာ စတင်တည်ထောင်ခဲ့ရာ ယခုအချိန်တွင် နှစ်ပေါင်းတစ်ရာကျော်ခန့်ရှိပြီဖြစ်သည်။ ထို့နောက်မှ အိမ်ခြေများတဖြည်းဖြည်းချင်း တိုးလာကာယခုတွင် အိမ်ခြေ (၁၀၇) အိမ် ရှိနေပြီဖြစ်သည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၁၀.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၄၇ | ၆၇ | ကျေးရွာအတွင်းရှိအိမ်ခြေများ၊ လက်ရှိသဘာဝအရင်းအမြစ်များအားအသုံးချမှု အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များအားဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၁၀.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၄၇ | ၆၇ | ကျေးရွာအတွင်းရှိမိသားစုများ၏ ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ကာစံနှုန်းအပေါ်အခြေခံပြီးလူနေမှုအဆင့်အတန်းများသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၀.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၄၇ | ၆၇ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအားဖော်ထုတ်ခြင်း |
| ၄ | ကျား-မရေးရာ ကဏ္ဍ# ၂ (ပင့်ကူအိမ်) | ၁၀.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၄၇ | ၆၇ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသောအခွင့်အရေးများအား နှိုင်းယှဉ်ပြီးမှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြပြက္ခဒိန် | ၁၀.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၄၇ | ၆၇ | ကျေးရွာအတွင်းရှိမိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သောလုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့်ရာသီများအားဖော်ထုတ်ခြင်း။ |
| ၆ | အဖွဲ့အစည်းများချိတ်ဆက်မှုပြဗင်းပုံစံ | ၁၀.၁၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၀ | ၄၇ | ၆၇ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အကျိုးဆက်များအားဖော်ထုတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ



မိုင်းထမ်းကျေးရွာတွင် အိမ်ခြေ(၁၀၇)အိမ်ရှိပြီး အိမ်ထောင်စုမှာ(၁၀၇)ရှိကာ၊ စုစုပေါင်းလူဦးရေမှာ(၄၅၁)ဦးခန့်ရှိပါသည်။ မိုင်းထမ်းကျေးရွာသည် ပွန်ချောင်း၏ အရှေ့ဘက်(၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် တောင်တန်းများသွယ်တန်းကာရံထားပြီး ရွာ၏တောင်ဘက်တွင် ဝမ်ချယ်ကျေးရွာ၊ ရွာ၏အနောက်ဘက်တွင် ရေနီပေါက်ကျေးရွာတည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်ရှိသော ဘောလခဲ-ရွာသစ်သွားရာကတ္တရာလမ်းမကြီးသည် ကျေးရွာ၏ အဓိကလမ်းပန်းဆက်သွယ်ရေးဖြစ်သည်။


မိုင်းထမ်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံတွင်မူ အုန်းပင်၊ ငှက်ပျောပင်၊ ကွမ်းသီးပင်၊ ကွမ်းရွက်ပင်၊ ပိတ်ချင်းပင်များစိုက်ပျိုးကြပါသည်။ လယ်ကေအနည်းငယ်ရှိသော်လည်း စပါးစိုက်ပျိုးမှုမှာ အနည်းငယ်သာ ဖြစ်ထွန်းသောကြောင့် စပါးစိုက်ပျိုးမှုနည်းပါးလှသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တစ်ရွာလုံးသောက်သုံးစွဲနေသည့် ရေအရင်းအမြစ်ရေထွက်ပေါက်ရှိပါသည်။ ရွာပတ်ဝန်းကျင်တွင် ရေထိန်းတောများသတ်မှတ်ပြီး သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ထားကြပါသည်။ မိုင်းထမ်းကျေးရွာတွင် ရှမ်း၊ ကယား၊ ဗမာလူမျိုးများ နေထိုင်ကြပါသည်။ ဗုဒ္ဓဘာသာကို အထွဋ်အမြတ်ထားကိုးကွယ်ကြပါသည်။ ကယားရိုးရာ ကေ့ထိုးဘိုးနတ်ကိုးကွယ်ခြင်းများလည်း ရှိပါသည်။

အဓိကလမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုင်းထမ်း-ဘောလခဲသွားရာကတ္တရာလမ်းမကြီးကို အဓိက အသုံးပြုကြရပါသည်။ ဝမ်ချယ်ကျေးရွာနှင့် ရေနီပေါက်သို့ ဆက်သွယ်သည့်လမ်းမှာ ကျောက်ချောလမ်း ခင်းထားသော်လည်း ရေတိုက်စားမှုကြောင့် ကျောက်များထွက်ပြီး သွားလာရေး အဆင်မပြေဖြစ်နေပါသည်။

ကျေးရွာရှိအများပိုင်အဆောက်အဦးများမှာ ဘုန်းကြီးကျောင်း၊ အလယ်တန်းကျောင်း၊ စာကြည့်တိုက်၊ လူငယ်ဖွံ့ဖြိုးရေးရိပ်သာ၊ ၊ ဇရပ်၊ ကျေးလက်ဆေးပေးခန်း၊ မျိုးစေ့ဘဏ်နှင့် ရေလှောင်ကန် များဖြစ်ပါသည်။ ၎င်းတို့အနက် ကျေးရွာပိုင်ရေလှောင်ကန်ရှိသော်လည်း လူဦးရေနှင့် ရေကန်ဝင်ဆံ့မှုမှာမမျှခြင်း၊ တောမီးများ လောင်ခြင်း၊ တောင်ကျရေမှ ကျောက်တုံးများပွတ်တိုက်မှုကြောင့် ပိုက်များကွဲခြင်း၊ ပိုက်ပြုတ်ထွက်ခြင်း များကြောင့် ရေပိုက်လိုင်းမခိုင်မာခြင်းများဖြစ်ကာ သောက်သုံးရေပြတ်လပ်မှုများလည်း ရှိတတ်ပါသည်။ ထို့အပြင် အိမ်တိုင်းစေ့ ရေသွယ်ယူပြီး စည်းစနစ်မရှိ အသုံးပြုလျှင် ရေထွက်ပေါက်ရေအရင်းအမြစ်နှင့် ရွာလူဦးရေ မမျှတခြင်းကြောင့် ရေလုံလောက်မှု လျော့ကျသွားနိုင်ပါသည်။

ကျေးရွာတွင်းလမ်းအချို့မှာ မိုးရာသီတွင် ရေဝပ်ခြင်း နှင့် ဗွက်ထခြင်းကြောင့် သွားလာရ မလွယ်ကူချေ။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာအုတ်ရေကန် နှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း ပြုလုပ်ပေးကာ၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ရွာတွင်းကျောက်ချောလမ်းခင်းရန် လျာထားပါသည်။


## (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း





မိုင်းထမ်းကျေးရွာတွင် ဥစ္စာဓနကြွယ်ဝမှုပြဇယားအရ ပို၍ပြေလည်သောအုပ်စု ၊ ပြေလည်သောအုပ်စု နှင့် နွမ်းပါးသောအုပ်စုဟူ၍ အုပ်စုစုတွေ့ရပါသည်။ ပို၍ပြေလည်သောအုပ်စုတွင် အိမ်ထောင်စု (၂၀)ရှိပြီး၊ ပြေလည်သောအုပ်စုမှာ (၃၅) အိမ်ထောင်စုခန့်ရှိပါသည်။ နွမ်းပါးသောအိမ်ထောင်စုမှာ (၅၂) အိမ်ထောင်စုခန့် ရှိပါသည်။ ပို၍ပြေလည်သော အိမ်ထောင်စုမှာ ရာခိုင်နှုန်းအားဖြင့် (၁၉%)၊ ပြေလည်သောအုပ်စုတွင် (၃၃%)ရှိပြီး၊ နွမ်းပါးသောအုပ်စုတွင် (၄၈%)ခန့်ရှိပါသည်။ ထို့ကြောင့် မိုင်းထမ်းကျေးရွာတွင် နွမ်းပါးသော အိမ်ထောင်စုပိုများကြောင်း တွေ့ရပါသည်။

နွမ်းပါးရသည့်အကြောင်းအရင်းမှာ သီးနှံများထွက်သော်လည်း ဈေးမရရှိခြင်း၊ ဝင်ငွေနှင့်ထွက်ငွေ မမျှတခြင်း၊ ငွေအရင်းအနှီးမရှိသည့် အိမ်ထောင်စုများအနေဖြင့် ချေးငွေယူ၍ အရင်းအနှီးလုပ်ရခြင်း နှင့် ဝင်ငွေရရှိမည့် အလုပ်အကိုင်မှာလည်း တောင်ယာလုပ်ငန်းသာရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးလွန်းခြင်းကြောင့်လည်း ပုံမှန်ဝင်ငွေမရှိခြင်း၊ ဝင်ငွေနည်းခြင်းကြောင့် ကလေးများပညာရေးအတွက် လုံလောက်သောပံ့ပိုးမှု မပေးနိုင်ခြင်း၊ ပညာရေးဝန်ဆောင်မှု အလှမ်းဝေးနေခြင်း ၊အသိပညာဗဟုသုတများ အားနည်းနေသောကြောင့်လည်း နွမ်းပါးသောအိမ်ထောင်စုပိုများနေခြင်းဖြစ်သည်။ အမျိုးသမီးအများစုမှာလည်း အိမ်တွင်းမှုအလုပ်ဖြင့်သာ အချိန်ကုန်နေသောကြောင့် ဝင်ငွေရသော လုပ်ငန်းများ လုပ်ငန်းရန် အခွင့်အလမ်းနည်းပါးနေပါသည်။


## (ဂ)ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)




မိုင်းထမ်းကျေးရွာ၏ ပိုင်ဆိုင်မှုသုံးသပ်ချက်အရ သဲ၊ ကျောက်၊ သစ်၊ မီးသွေးဖုတ်ခြင်း၊ တောလိုက်ခြင်းနှင့် တံခွန်တိုင်နှင့် ပတ်သက်သည့် လုပ်ငန်းများအား အမျိုးသားများသာ စီမံခန့်ခွဲဆောင်ရွက်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စရပ်များတွင်သာ စီမံခန့်ခွဲမှုပိုများကြောင်းတွေ့ရသည်။ တောင်ယာလုပ်ငန်းများ၊ ကျေးရွာပိုင် အဆောက်အဦးများနှင့် အရောင်းအဝယ်ကိစ္စရပ်များတွင် အမျိုးသားနှင့် အမျိုးသမီးညှိနှိုင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများနှင့်အမျိုးသားများအား တန်းတူအခွင့်အရေးပေးကာ ပူးပေါင်းဆွေးနွေးစေခြင်းဖြင့် နောင်တချိန်တွင် အမျိုးသားနှင့် အမျိုးသမီးပိုင်ဆိုင်မှုတန်းတူဖြစ်နိုင်ပါသည်။


(ဃ)ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



မိုင်းထမ်းကျေးရွာတွင် အမျိုးသား/အမျိုးသမီး(၂)ဖွဲ့ခွဲကာ ကျား-မရေးရာကဏ္ဍနှင့်ပတ်သက်၍ ပင့်ကူအိမ်သုံးသပ်ဖော်ထုတ်ရာတွင် (၁)ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ (၂)အိမ်မှုကိစ္စ၊ (၃)ဝင်ငွေရရှိမှု၊ (၄)ပညာရေး၊ (၅)အလုပ်အကိုင်အခွင့်အလမ်း၊ (၆)ဦးဆောင်မှု နှင့် (၇) ကျန်းမာရေးအသိပညာရှိမှုဟူ၍ ဖော်ထုတ်ခဲ့ကြသည်။ ရှေးရိုးစွဲအစဉ်အလာအရ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များစွာတို့၌ အမျိုးသားများထက် ပိုမိုလုပ်ဆောင်နေရ၍ ပြင်ပဖြစ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သူ နည်းပါးသည်။ ကျေးရွာအတွင်း လုပ်အားခ ရရှိမှုမှာ အမျိုးသားနှင့် အမျိုးသမီးကွာခြားမှုမရှိပေ။ ပညာတတ်မြောက်မှုနှင့် ပညာသင်ခွင့်၌လည်း အမျိုးသားနှင့်အမျိုးသမီး တန်းတူအခွင့်အရေးရှိကြောင်းတွေ့ရပါသည်။ ကျေးရွာအစည်းအဝေးများ၊ ရပ်ရေးရွာရေးကိစ္စရပ်များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှု များပြားသော်လည်း ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချရန်ကိစ္စရပ်များတွင် အမျိုးသားများသာ ဦးဆောင်ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများ ကိုယ်တိုင်လည်း မိမိကိုယ်ကိုယုံကြည်မှုနည်းပါးခြင်း၊ ပြောရဲဆိုရဲမရှိခြင်း၊အတွေ့အကြုံနည်းပါးခြင်းများကြောင့် ဦးဆောင်မှုပိုင်းတွင် အားနည်းနေရခြင်းဖြစ်သည်။

အနာဂတ်တွင် အမျိုးသမီးများအတွက် ဦးဆောင်မှု နှင့် စီမံခန့်ခွဲမှု၊ လူ့အခွင့်အရေး နှင့် အခြားသော စွမ်းဆောင်ရည် အသိပညာများ ပံ့ပိုးပေးခြင်း နှင့် အမျိုးသမီးများအတွက် ဝင်ငွေရအလုပ်အကိုင်များ ဖန်တီးပေးခြင်းအားဖြင့် အမျိုးသားများနည်းတူ ဦးဆောင်မှု နှင့် ဆုံးဖြတ်ချက်ချနိုင်ကာ ရပ်ရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းပါဝင်လာမည်ဖြစ်ပါသည်။

## (င) ရာသီခွင်ပြဇယား



မိုင်းထမ်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးခြင်း လုပ်ငန်းဖြစ်ပြီး အဓိကစိုက်ပျိုးသီးနှံမှာ နှမ်းဖြစ်သည်။ ပြောင်းကောက် နှင့်ပဲကိုလည်း နှမ်းရိတ်သိမ်းပြီးချိန်တွင် စိုက်ပျိုးကြပါသည်။ တစ်နှစ်ပတ်လုံးနီးပါး အလုပ်လုပ်သော်လည်း ဝင်ငွေများသောလမှာ (၃)လသာရှိပြီး၊ သီတင်းကျွတ်လတွင် နှမ်းရောင်းဝယ်ခြင်းဖြင့် ဝင်ငွေအကောင်းဆုံးလဖြစ်ပါသည်။ ဆန်စပါးမှာမူ ဖြစ်ထွန်းမှုနည်းသဖြင့် အနည်းငယ်သာစိုက်ပျိုးပါသည်။

မိုင်းထမ်းကျေးရွာရှိမိသားစုများသည် ဗုဒ္ဓဘာသာကိုးကွယ်သက်ဝင်သူများဖြစ်သည့် အားလျော်စွာ ပွဲတော်ကာလမှာဧပြီလ၊ ဩဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလ နှင့် ဇန်နဝါရီလ တို့တွင် ကျင်းပပြုလုပ်ကြသည်။ ကယားရိုးရာ ဒီးကူပွဲတော်ကို နှစ်စဉ် ဩဂုတ်လတွင်ကျင်းပပြီး၊ ဖေဖော်ဝါရီလတွင် ထမင်းနဲပွဲတော်ကိုကျင်းပကြသည်။

တောင်ယာစိုက်ပျိုးချိန်တွင် အမျိုးသားအမျိုးသမီးလုပ်အားခတန်းတူရသော်လည်း ကျန်လုပ်ငန်းများမှာမူ အမျိုးသားများလုပ်အားခသည် အမျိုးသမီးများလုပ်အားခထက် ပို၍သာနေပါသည်။ တစ်နှစ်တာဝင်ငွေနှင့် ထွက်ငွေမှာ မျှတမှုမရှိပါ။ တောင်ယာလုပ်ငန်းအားချိန်တွင် ဝင်ငွေရရှိရန်အတွက် ကျပန်းအလုပ်များဖြစ်သော ဆေးမြစ်များရှာဖွေတူးဖော်၍ရောင်းခြင်း၊ လမ်းခင်းရာတွင်နေ့စားလိုက်ခြင်း၊ သစ်ခွပန်းများ ရှာဖွေရောင်းခြင်း၊ မြေထွက်သီးနှံများရောင်းခြင်းစသဖြင့် လုပ်ကိုင်၍ ရှာဖွေကြရသည်။ ရွာချင်းဆက်လမ်းများမှာ ကျောက်ချောလမ်း ခင်းထားသော်လည်း မိုးရာသီတွင် ရေတိုက်စားမှုကြောင့် ကျောက်များထွက်ခြင်း နှင့် မြေသားမညီညာခြင်း ကြောင့် သွားလာရေးခက်ခဲနေပါသည်။

## (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်






မိုင်းထမ်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်နေကြသော ကျေးရွာကော်မတီအဖွဲ့များနှင့် ပြင်ပမှလာရောက်ဆောင်ရွက်ကြသည့် အဖွဲ့ပေါင်း(၂၀)ဖွဲ့ခန့်ရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လူငယ်အဖွဲ့၊ ကျန်းမာရေးကော်မတီ ၊အမျိုးသမီးငွေစုငွေချေးအဖွဲ့၊ ပညာရေးကော်မတီ၊ မြစိမ်းရောင်ကော်မတီ(မွေးကု)၊ ရေနှင့် သန့်ရှင်းရေးကော်မတီ၊ အမျိုးသမီးစွမ်းအားမြင့်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ဂေါပကအဖွဲ့ စသည့်ကော်မတီများသည် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဘက်တစ်လမ်းမှ ဆောင်ရွက်နေကြသည့် ရွာတွင်းအဖွဲ့အစည်းများဖြစ်သည်။

ဌာနဆိုင်ရာအဖွဲ့များဖြစ်ကြသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်း(CDD)၊ CARE Myanmar၊ World Vision International Myanmar၊ ပတ်မြန်မာ၊ နယ်လှည့်ဆေးကုအဖွဲ့နှင့် ကယားဖူးအဖွဲ့အစည်းများသည် ကျေးရွာရှိအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ကျေးရွာလူထု၊ သက်ဆိုင်ရာကော်မတီများနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် စီးပွားရေး၊ လူမှုရေး၊ သာရေးနာရေးတို့အား အဘက်ဘက်မှတိုးတက်အောင် ကျေးရွာလူထုနှင့်အတူတကွပူးပေါင်းဆောင်ရွက်ကြပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးမှ စတင်ပြီး လူထုဗဟိုပြုစီမံကိန်းသည် ရပ်ရွာလူထုနှင့်ပူးပေါင်းပြီး ကျေးရွာအခြေခံအဆောက်အဦးများ၊ ရေရရှိ နှင့် လမ်းတံတားပြုပြင်ခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်ကာ၊ ယင်းမိုင်းထမ်းကျေးရွာတွင်လည်း ကျေးရွာလှောင်ကန် နှင့် ရေပိုက်လိုင်သွယ်တန်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ပါသည်။

## (ဆ) အခက်အခဲများနှင့်ပြဿနာများ


မိုင်းထမ်းကျေးရွာရှိ ကျေးရွာသူ/သားများသည် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်စားသောက်ကြသည့် ကျေးရွာဖြစ်ပါသည်။ ပညာရေးဗဟုသုတနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာနည်းပါးခြင်းတို့ကြောင့် ဝင်ငွေနည်းပါး၍ စားဝတ်နေရေး ခက်ခဲကြပါသည်။ ရာသီဥတုဖောက်ပြန်ခြင်း၊ စိုက်ပျိုးရေးနည်းပညာစနစ်တကျတတ်မြောက်မှုမရှိခြင်း၊ အသိပညာ နှင့် အသက်မွေးဝမ်းကျောင်းနည်းပညာအားနည်းခြင်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများ ငှားရမ်းခဈေးကြီးခြင်း တို့ကြောင့် ဝင်ငွေနှင့်ထွက်ငွေမကိုက်ချေ။


ကျေးရွာတွင် အလယ်တန်းကျောင်းသာရှိသဖြင့် ကလေးများ၏ အထက်တန်းပညာရေးအတွက် ဘောလခဲမြို့အထိကျောင်းထားကြပါသည်။ ငွေကြေးအဆင်မပြေသည့် အိမ်ထောင်စုများအနေဖြင့် မိမိတို့ ကလေးများအား နေထိုင်စားသောက်မှုစရိတ်ကြီးမားသောကြောင့် ပညာရေးဆုံးခန်းတိုင်အောင် ပံ့ပိုးမှုမပေးနိုင်သည့်အတွက် အလယ်တန်းအထိသာ ပညာသင်ခွင့်ရကြပါသည်။ လူနည်းစုသာ အထက်တန်းပညာရေးအထိ သင်ယူတက်ရောက်နိုင်ကြပါသည်။ ထို့ပြင်ရွာတွင် မူကြိုဆရာမမရှိ၍ မူကြိုကလေးသူငယ်များအတွက် အခြေခံပညာရေးအားနည်းခြင်းများရှိနေပါသည်။

ကျေးရွာတွင်းလမ်းဘေးမီးများ တပ်ဆင်ထားခြင်းမရှိသောကြောင့် ညဘက်တွင် သွားရေးလာရေး အဆင်မပြေပါ။ မိုင်းထမ်း မှ ရေနီပေါက်သွားလမ်းသော်လည်းကောင်း၊ မိုင်းထမ်းမှ ဝမ်ချယ် သို့သွားလမ်း သော်လည်းကောင်း၊ ကျောက်ခင်းလမ်းဖြစ်သည့်အားလျော်စွာ မိုးရာသီတွင် ရေတိုက်စားမှုကြောင့် ကျောက်များ ထွက်သဖြင့် သွားလာရခက်ခဲပါသည်။ မိုင်းထမ်းကျေးရွာရှိ လူငယ်အများစုမှာ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားလုပ်ရှားမှုအားနည်းခြင်း၊ အချို့လူငယ်များမှာလမ်းလွဲနေခြင်း၊ အချို့သောလူငယ်များမှာလည်း

အားကစားလိုက်စားမှုရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်မှု၊ စိတ်ဝင်စားမှု အားနည်းနေပါသည်။ စိုက်ပျိုးရေးအတွက်လည်း မျိုးကောင်းမျိုးသန့်များမရှိပါ။ ကျေးရွာတွင်ခြံထွက်သီးနှံများ ထွက်သော်လည်း ဈေးကွက်မရှိသဖြင့် ဘောလခဲဈေးသို့သာ ဈေးပေါပေါဖြင့်ရောင်းချကြရသည်။ ရွာတွင်းလမ်းအချို့သည် မိုးရာသီတွင်ရေဝပ်ခြင်း၊ ဗွက်ထခြင်းတို့ကြောင့်သွားလာရအဆင်မပြေဖြစ်နေပါသည်။


## (၉) မျှော်မှန်းချက်





မိုင်းထမ်းကျေးရွာနေ ပြည်သူလူထုသည် ကျေးရွာအစည်းအဝေးတွင် မိမိတို့၏ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြီး မျှော်မှန်းချက်များအား ဖော်ထုတ်ကြပါသည်။ ယင်းကျေးရွာတွင် ကျေးရွာလူထုအစည်းအဝေးများ နှင့် ပွဲလမ်းသဘင်များကျင်းပနိုင်ရန်အတွက် ခိုင်ခန့်သော ကျေးရွာခန်းမဆောင်ရရှိရန်၊ မိသားစုစားဝတ်နေရေးအဆင်ပြေစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်လာခြင်းအားဖြင့် ကူးသန်းသွားလာရေး လွယ်ကူလာစေရန်၊ ကျေးရွာရှိ မူကြိုကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူကြိုဆရာမ နှင့် ဝန်ဆောင်မှုပြည့်ဝသော မူကြိုကျောင်းရရှိရန်၊ နည်းစနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများဖြင့် သီးနှံများထွက်နှုန်းကောင်းကာ မိသားစုဝင်ငွေရရှိရန်၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရန်၊ ကျေးရွာအတွင်း အားကစားထူးချွန်သော ကလေးများ ပေါ်ထွက်လာရေးအတွက် အားကစားရုံကြီးရှိလာစေရန် နှင့် အမျိုးသမီးများအတွက် လိုအပ်သော စွမ်းဆောင်ရည်သင်တန်းများ ပံ့ပိုးပေးရန် စသည်ဖြင့် မျှော်မှန်းထားကြပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း



ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျေးရွာအစည်းအဝေးတွင် မဲပေးစနစ်ပြီး ဦးစားပေးလုပ်ငန်းများအား ရွေးချယ်သတ်မှတ်ရာတွင် ဦးစားပေး (၁) ကျေးရွာတွင်းလမ်းအချို့မှာ သွားလာရေး အဆင်ပြေလာစေရန်အတွက် ရွာတွင်းမြေသားလမ်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ ဦးစားပေး(၂) ကျေးရွာ၏ ရပ်ရေးရွာရေး ကိစ္စရပ်များအတွက် နေရာထိုင်ခင်း အဆင်ပြေစေရန်ရည်ရွယ်၍ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း၊ ဦးစားပေး (၃) ကျေးရွာအုပ်စုအတွင်း အားကစားကွင်းကောင်းဖြစ်လာစေရန် ရည်ရွယ်၍ အုပ်စုဘောလုံးကွင်းပွဲကြည့်စင် တည်ဆောက်ခြင်း လုပ်ငန်း နှင့် KGကလေးငယ်လေးများအတွက် အားကစားကွင်း၊ စာသင်ကျောင်းဆောင် တိုးချဲ့ခြင်း၊ လမ်းမီးတိုင်များ တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းများ စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအဖြစ် ရွေးချယ် သတ်မှတ်ကြပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ







## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးထွားရယ် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ | အုပ်စုစီထောက်ကော်မတီ-ဥက္ကဋ္ဌ |
| ၂ | ဒေါ်နင်းဆီ | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ | အုပ်စုစီထောက်ကော်မတီ-ဥက္ကဋ္ဌ |
| ၃ | ဒေါ်သင်းသင်းလှိုင် | ငွေစာရင်းကိုင် | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၄ | ဦးထွန်းမြင့် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်မိမိချော | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးမျိုးလွင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်သီတာနွယ် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးထွန်းဝေ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်သိန်းဇင် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးယုလွင် | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်း ရေးကော်မတီဥက္ကဋ္ဌ |
| ၁၁ | ဒေါ်ကြူကြူသင်း | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်း ရေးကော်မတီ |
| ၁၂ | ဒေါ်ဇင်မာမင်း | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဦးချစ်ဦး | စေတနာ့ဝန်ထမ်း | |
| ၁၄ | ဦးဘသန်း | အကြံပေးပုဂ္ဂိုလ် | ကျေးရွာအုပ်ချုပ်ရေးမှူး |

# ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းစုံစမ်း၍ ကောက်ခံရမည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီကောက်ခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဘသန်း | 09786347076 | ဒေါ်ဇေဇေမြင့် |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ မိုင်းဆမ်း |

## တ။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | ၁၆ | ဘာသာ (၁) [illegible] | ၁၀၇ |
| လူမျိုးစု (၂) ကယား | ၄၂ | ဘာသာ (၂) | |
| လူမျိုးစု (၃) ဗမာ | ၉ | ဘာသာ (၃) | |
| (၄) ရှမ်း+ဗမာ | ၁၀ | | |
| (၅) ရှမ်း+ကယား | ၁၂ | | |
| လူမျိုးစုရော ~~(၆) ကယား+ဗမာ~~ | ၁၅ | ဘာသာရော | |
| အခြား (၇) ရှမ်းပအိုဝ်း | ၁ | | |
| (၈) ရခိုင်+ဗမာ - ၁ (၉) ကရင်+ကယား - ၁ | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ ယောက် | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ ယောက် | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | ၂၃၇ | ၂၁၄ | ၄၅၁ ဦး |
| လူမျိုးစု (၁) ရှမ်း | ၃၃ | ၃၂ | |
| လူမျိုးစု (၂) ကယား | ၉၀ | ၈၅ | |
| လူမျိုးစု (၃) ဗမာ | ၁၅ | ၁၅ | |
| အခြား | ၉၈ | ၈၂ | |
| အိမ်ထောင်ဦးစီး | ၉၂ | ၁၅ | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား

---

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြီးဆုံးခဲ့ပါသနည်း? နှစ်--------(မသိပါ)
(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ပတ်ပိုမှ ၎င်းကျေးရွာအုပ်စု၏ပတ်ပိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-------- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပတ်ပိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--------------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား --------------------

မိုးရာသီတွင်ကြာချိန်--------------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား --------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုပတ်ပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ၊
(၂) --------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားခြင်း**


ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဘသိန်း
လက်မှတ် [signature] နေ့စွဲ 10.11.17

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဇာဇာဝေနိုင်
လက်မှတ် [signature] နေ့စွဲ 10.11.17

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။


စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြေကြေနိုင်

နေ့စွဲ ၁၀.၁၁.၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ မိုင်းထင်း

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၀.၁၁.၁၇ | ၁၀.၁၁.၁၇ | ၂၀ | ၄၇ | ၆၇ | ကယား - ၃၉<br>ဗမာ - ၁၁<br>ရှမ်း - ၁၁<br>အခြား - ၆ (လူမျိုးရော) |
| ၂။ ကျေးရွာခွဲ ဦးစားပေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁၁.၁၇ | ၁၀.၁၁.၁၇ | ၂၀ | ၄၇ | ၆၇ | ကယား - ၃၉<br>ဗမာ - ၁၁<br>ရှမ်း - ၁၁<br>အခြား - ၆ (လူမျိုးရော) |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၇.၁၁.၁၇ | ၁၇.၁၁.၁၇ | ၁၀ | ၆ | ၁၆ | ကယား ၁၁<br>ရှမ်း ၃<br>ဗမာ ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၂.၁၁.၁၇ | ၂၂.၁၁.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး | ၁၉.၁.၁၈ | ၁၉.၁.၁၈ | ၂၄ | ၃၁ | ၅၅ | ကယား-၂၇၊ ရှမ်း-၁၄<br>အခြား-၄၊ ဗမာ-၁၀ |



| | | | | | | |
|---|---|---|---|---|---|---|
| ကော်မီတီဖွဲ့စည်းခြင်းနှင့် ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၁.၁၈ | ၁၉.၁.၁၈ | ၅ | ၇ | ၁၂ | ကလေး-၃၊ ရှမ်း-၄ ဗမာ-၃၊ လူမျိုးစုံ-၂ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၉.၁.၁၈ | ၁၉.၁.၁၈ | ၅ | ၇ | ၁၂ | ကလေး-၃၊ ရှမ်း-၄ ဗမာ-၃၊ လူမျိုးစုံ-၂ |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၉.၁.၁၈ | ၁၉.၁.၁၈ | ၅ | ၇ | ၁၂ | ကလေး-၃၊ ရှမ်း-၄ ဗမာ-၃၊ လူမျိုးစုံ-၂ |
| ၆.၃။ ဘဏ္ဍာရေးကျန်ကျမှု လှုပ်ရှားအစီအစဉ် ရေးဆွဲခြင်း | ၁၉.၁.၁၈ | ၁၉.၁.၁၈ | ၅ | ၇ | ၁၂ | ကလေး-၃၊ ရှမ်း-၄ ဗမာ-၃၊ လူမျိုးစုံ-၂ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၉.၁.၁၈ | ၁၉.၁.၁၈ | ၅ | ၇ | ၁၂ | ကလေး-၃၊ ရှမ်း-၄ ဗမာ-၃၊ လူမျိုးစုံ-၂ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး ၇.၁။ အစည်းအဝေး ပထမအကြိမ် ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လုပ်ထုံးလုပ်နည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လုပ်ထုံးလုပ်နည်းရုံးရေးမှူး/ဝန်ထမ်း အမည် ငါး ကေကြောဒိုင် | | | |
| နေ့စွဲ ၁၀.၁၁.၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ဖိုင်းတယ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ~~[illegible]~~ ရေ ရရှိမှု ခက်ခဲခြင်း မရှိသော်လည်း ရေ ကျိုးများ ကပ်ခြင်း ကြောင့် ရေ | ၁ | မူကြို ဆရာမ မရှိ၍ မူကြို ကလေးများ အခြေခံပညာရေး အားနည်းခြင်း၊ |
| ၂ | မကြာခဏ ပြတ်ခြင်း | ၂ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း ကြောင့် ဝင်ငွေ နည်းပါးခြင်း |
| ၃ | အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း ကြောင့် ဝင်ငွေမရှိခြင်း၊ စားဝတ်နေရေး ခက်ခဲခြင်း | ၃ | စိုက်ပျိုးရေး အတွက်လိုအပ်သော စက်ကိရိယာများ နည်းပါးခြင်း ကြောင့် အလုပ်အကိုင် အဆင်မပြေခြင်း |
| ၄ | မိုးရာသီ၌ ရေတိုက်စားမှု ကြောင့် ကျေးရွာ [illegible] ဆက်သွယ်ရေးများ ပျက်စီး၍ သွားလာရ ခက်ခဲခြင်း | ၄ | အလယ်တန်းပညာရေး ထိသာ ရှိသောကြောင့် အထက်တန်းပညာရေး သို့ တက်ရောက်လျှင် အခြား မြို့သို့ |
| ၅ | အစည်းအဝေးများ ခေါ်ယူ၍ ကျေးရွာလူထု မှ ပေါင်းမှု အားနည်းခြင်း ကြောင့် အလုပ် | ၅ | သွားတက်ရခြင်း ကြောင့် အကုန်ကျများ ခြင်း |
| ၆ | အကိုင် [illegible] ခြင်း | ၆ | ရွာတွင်း လမ်း အချို့ မိုးရာသီ၌ ရွှံ့ဗွက်ဖြစ်၍ သွားလာရ အဆင်မပြေခြင်း |
| ၇ | လူငယ်များ ကျန်းမာကြံ့ခိုင်ရေး အတွက် အားကစား ပစ္စည်းများ မရှိခြင်း၊ လမ်းပြ [illegible] ခြင်း၊ | ၇ | ပညာရေး၊ အသိပညာ ဗဟုသုတ အားနည်းခြင်း ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်း၊ |
| ၈ | ကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းတွင် အားနည်းခြင်း | ၈ | ရေ မကြာခဏ ပြတ်ခြင်း |
| ၉ | အစည်းအဝေးများ မြဲမှန်ပြုလုပ်ရန် နေရာ ခက်ခဲခြင်း | ၉ | စာသင်ကျောင်း ဆောင်များ ပျက်စီး နေ၍ ကလေးများ အတွက် စာသင်ရာနေရာ ခက်ခဲခြင်း |
| ၁၀ | လမ်းမီးတိုင်များ မလုံလောက်၍ အိမ်တိုင်း မီး မသုံးနိုင်ခြင်း | ၁၀ | |
| ၁၁ | | ၁၁ | |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ခေတ်မီသည့် အားကစားရုံကြီး ရှိလာစေရန် | ၁ | ဝန်ဆောင်မှု ပြည့်စုံသော မူကြိုကျောင်း ရှိလာစေရန် |
| ၂ | ကျေးရွာ ခန်းမဆောင်ကြီး ရှိလာပြီး ရပ်ရွာရေး ကိစ္စများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရန် | ၂ | အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလာရန် |
| ၃ | ဆက်သွယ်ရေး စနစ် ဖွံ့ဖြိုးတိုးတက်လာ၍ စိုက်သီးနှံများ ဈေးကောင်းရရှိရန် | ၃ | ဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် |
| ၄ | အလုပ်အကိုင် ပေါ်များလာစေရန် | ၄ | အထက်တန်းကျောင်း ဖြစ်လာစေရန် |
| ၅ | အားကစား ထူးချွန်မှုများ ရှိလာစေရန် | ၅ | သန့်ရှင်းသောရေ အလုံအလောက် ရရှိရန် |
| ၆ | ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်လာစေရန် | ၆ | ရွာတွင်းလမ်းများ အားလုံး အဆင်ပြေစွာ သွားလာနိုင်ရန် |
| ၇ | | ၇ | ကျေးရွာသို့ ဘာသာပညာ ပေးသည့် သင်တန်းများ ပို့ချပေးစေချင် |
| ၈ | | ၈ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] ရွာတွင်း ကျောက်ချောလမ်း ခင်းခြင်း | အမျိုးသား + အမျိုးသမီး | ၉၆၀၀၀၀၀ | ၄၅၀ ဦး |
| ၂ | ခန်းမဆောင် ဆောက်လုပ်ခြင်း | " | ၈၀၀၀၀၀၀ | ၄၅၀ ဦး |
| ၃ | ရပ်ရွာ ဘောလုံးကွင်းမှ ကြည့်စင် ဆောက်လုပ်ခြင်း | " | ၁၃၀၀၀၀၀၀ | ၄၅၀ ဦး |
| ၄ | မူကြို (KG) ကလေးများအတွက် အားကစားကွင်း တည်ဆောက်ခြင်း | အမျိုးသမီး | ၆၀၀၀၀၀၀ | ၄၅၀ ဦး |
| ၅ | စာသင်ကျောင်းဆောင် တိုးချဲ့ခြင်း | " | ၂၂၀၀၀၀၀၀ | ၄၅၀ ဦး |
| ၆ | လမ်းမီးတိုင် တိုးချဲ့ တပ်ဆင်ခြင်း | အမျိုးသား | ၃၀၀၀၀၀၀ | ၄၅၀ ဦး |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] လိုအပ်သော မူကြိုဆရာမ ရရှိစေရန် | အမျိုးသမီး | ပညာရေး |
| ၂ | လွန်စက်များ ထောက်ပံ့ပေးရန် | 〃 | အသက်မွေးဝမ်းကျောင်း |
| ၃ | စက်ချုပ်သင်တန်း | 〃 | အသက်မွေးဝမ်းကျောင်း |
| ၄ | အားကစားကိရိယာများ ထောက်ပံ့ပေးရန် | အမျိုးသား | အားကစား ( အခြား ) |
| ၅ | အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း | 〃 | အသက်မွေးဝမ်းကျောင်း |
| ၆ | စိုက်ပျိုးရေး အထွက်မျိုး စေ့များ ထောက်ပံ့ပေးခြင်း | 〃 | စိုက်ပျိုးရေး |
| ၇ | မွေးမြူရေး ဆိုင်ရာသင်တန်းများ ထောက်ပံ့ပေးရန် | 〃 | မွေးမြူရေး |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးစွားချယ်--------- လက်မှတ် --------------------------- နေ့စွဲ---၂၀.၁၁.၁၇-----

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



## အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြု စီမံကိန်း

| | | | |
|---|---|---|---|
| ခေါင်းစဉ် | ပထမ အကြိမ် ကျေးရွာ အစည်းအဝေး | | |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | မိုင်းထမ်း ကျေးရွာ ၊ ဘောလခဲမြို့နယ် | | |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | ၁၀.၁၁.၁၇<br>နံနက် (၉:၀၀) နာရီ ၊ မိုင်းထမ်း ကျေးရွာ ဘုန်းကြီးကျောင်း | | |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားခေါင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် | | |
| စုစုပေါင်းကုန်ကျငွေ | | | |
| ဦးဆောင်သူ | ဒေါ်ကေကေနိုင် (CF) | ရာထူး | CF/TF/Committee |

*တက်ရောက်သူဦးရေ (Participants)*

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး | |
|---|---|---|---|---|---|
| ၁ | ၂၀ | ၄၇ | ၆၇ | ကယား - ၃၉၊ ဗမာ - ၁၁၊ | ရှမ်း - ၁၁ |
| ၂ | | | | အခြား - ၆ | |
| | | | | | |
| | | | | | |

ရည်ရွယ်ချက် (Purpose)

၁။ လူထုဗဟိုပြုစီမံကိန်း၏ အခြေခံ သဘောတရားများ နားလည်လာစေရန်

၂။ စီမံကိန်းလက်စွဲ၊ ကျားမရေးရာနှင့် လူမှုပူးပေါင်းပါဝင်မှုတို့ကို ရင်းနှီးမှုရှိစေရန်

၃။ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူများ၏ တာဝန်ဝတ္တရားများ သိရှိစေရန်

၄။ လူထုပူးပေါင်းပါဝင်သော ယူနစ် စီမံချက်များ ဆောင်ရွက်၍ ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များအား အထောက်အကူပြုရန်

အစည်းအဝေး အစီအစဉ် (Agenda)

၁။ တက်ရောက်သူစာရင်း ကောက်ယူခြင်း

၂။ အစည်းအဝေး ရည်ရွယ်ချက်နှင့် အစီအစဉ် အား ရှင်းလင်း တင်ပြခြင်း

၃။ စီမံကိန်း မိတ်ဆက်ခြင်း

၄။ စီမံကိန်းစက်ဝန်း အား ရှင်းလင်းတင်ပြခြင်း

၅။ ကျေးရွာစေတနာ့ဝန်ထမ်း နှင့် စီထောက် ကော်မတီဝင်များအား ပြန်လည်
အတည်ပြု ရွေးချယ်ခြင်း

၆။ လူမှု ဆန်းစစ်ခြင်း

၇။ အစည်းအဝေး ရုပ်သိမ်းခြင်း

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | ဒေါ်ကေကေခိုင် (CF) မှ အစည်းအဝေး ရည်ရွယ်ချက်နှင့် အစီအစဉ်အား ရှင်းလင်းတင်ပြပါသည်။ | |
| ၂။ | ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘသိန်းမှ လူထုဗဟိုပြု စီမံကိန်းသည် ဒုတိယနှစ် ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း၊ ကျေးရွာလူထုအဖွဲ့ ပူးပေါင်းပါဝင်မှု ကောင်းမှသာ ကျေးရွာဖွံ့ဖြိုးရေး ကို အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ ယခင်နှစ်အတွေ့အကြုံများလည်းရှိ ပြီဖြစ်၍ ပွင့်လင်းမြင်သာစွာကြိုးစား ဆောင်ရွက်ရန် တိုက်တွန်းပြောကြား သွားပါသည်။ | |
| ၃။ | စီမံကိန်းဝန်ထမ်းများမှ မိတ်ဆက်ပြီး မြို့နယ်နည်းပညာအကြံပေး (M&E Officer) ဒေါ်မိုင်ငွေနှင်းလျှံမှ စီမံကိန်း နှင့် ပတ်သတ်သည့် အချက်အလက် များအား ကျေးရွာလူထုအား မေးမြန်း ခြင်းဖြင့် အပြန်အလှန် ဆွေးနွေးပါ သည်။ | |
| ၄။ | ဒေါ်ကေကေခိုင် (CF) မှ စီမံကိန်း နှင့် ပတ်သက်၍ လူထုဗဟိုပြုစီမံကိန်း | |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| | စံရည်ညွှန်းချက်၊ အကောင်အထည်ဖော်မှု၊ ကျား/မရေးရာနှင့်ပတ်သက်သည့်အချက်များ၊ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးစနစ်၊ ရံပုံငွေ၊ လည်ပတ်ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်၊ အကာအကွယ်များနှင့် တာဝန်ဝတ္တရားများစသည့် အချက်အလက် (၁၅) ချက်အား အသေးစိတ်ရှင်းလင်းတင်ပြပါသည်။ | |
| ၅။ | ဒေါ်ကေကေခိုင် (CF) မှ စီမံကိန်းစက်ဝန်းကို အဆင့် (၁၄) ဆင့်ပါ၍ အပိုင်းကြီး (၆) ပိုင်း၊ အပိုင်းနှစ် အလိုက် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းတင်ပြပါသည်။ | |
| ၆။ | ကျေးရွာစေတနာ့ဝန်ထမ်းနှင့်ကျေးရွာစီမံကော်မတီဝင်များကို အတည်ပြုရန် ကဏ္ဍအလိုက် ကော်မတီဝင်များ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ရှင်းပြကာ ကျေးရွာလူထုမှ ပြန်လည်အတည်ပြုကြပါသည်။ | ▲ ကျေးရွာစီ/ထောက်ကူညှိ - ဦးထွားရှယ် - ဒေါ်နှင်းဆီ<br>▲ ဝယ်ယူရေးဆိုင်ရာကော်မတီ - ဦးထွန်းမြင့် - ဒေါ်စိစိချော<br>▲ ဝေဖန်အကြံပြုကိုင်တွယ် - ဦးပုလွင် - ဒေါ်ခမာဦး |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၆။ | | △ လုပ်ငန်းအကောင်အထည်ဖော်ရေး ဆပ်ကော်မတီ - ဦးထွန်းဝေ<br>- ဒေါ်သိန်းခင်<br>△ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ - ဦးမိုးလှိုင်<br>- ဒေါ်အေးနု<br>△ ငွေစာရင်းကိုင် - ဒေါ်သင်းသင်းမြိုင်<br>△ ကျေးရွာဆောင်ရွက်တင်း - ဦးချစ်ဦး<br>- ဒေါ်စန်းစန်းမြင့်<br>တို့အား အတည်ပြုရွေးချယ် ဆုံးဖြတ်ကြပါသည်။ |
| ၇။ | လူထုပူးပေါင်းပါဝင်သော ကျေးရွာ အကဲဖြတ်ဆန်းစစ်ခြင်း (PRA) အား ယခင်နှစ်စက်ဝိုင်း၌ ဆွေးနွေးထားသည့် အချက်အလက်များအား ပြန်လည်တင်ပြကာ ဆွေးနွေးဖြည့်စွက်ကြသည်။ ဆွေးနွေးသည့် ဆန်းစစ်ချက် (၆) ချက်မှာ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနကြွယ်ဝမှု ဆန်းစစ်ခြင်း ပိုင်ဆိုင်မှုဆန်းစစ်ခြင်း၊ ရာသီခွင်ပြ၊ အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပင့်ကူ အဓိကသုံးသပ်ခြင်း တို့ကို ပြန်လည် ဆွေးနွေးကာ သုံးသပ်ချက်များ ထုတ်ကြပါသည်။ | |

| | |
|---|---|
| ၈။ | အစည်းအဝေးအား နေ့လည် (၁၂:၀၀)<br>အချိန်တွင် ရုပ်သိမ်းပြီး ထမင်းစား<br>နားမည်ဖြစ်ကြောင်း၊ နေ့ခင်း (၁:၀၀)<br>အချိန်တွင် ဒုတိယအကြိမ် အစည်း<br>အဝေး ပြန်လည် စတင်မည် ဖြစ်၍<br>ပြီး လုပ်ငန်းခွဲများ၊ အခက်အခဲ<br>ပြဿနာ၊ အတားအဆီးများ ဖော်ထုတ်<br>မည် ဖြစ်ကြောင်း၊ အရေးကြီး<br>သည့် အတွက် အားလုံး ပြန်လာ<br>ပေးကြရန် ပြောကြားပြီး ပထမ<br>အကြိမ် ကျေးရွာ အစည်းအဝေးအား<br>ရုပ်သိမ်းပါသည်။ |

| မှတ်တမ်းရေးသူ။ | စိစစ်သူ။ | အတည်ပြုသူ။ |
|---|---|---|
| လက်မှတ်။ [signature] | လက်မှတ်။ | လက်မှတ်။ |
| အမည်။ ဒေါ်ကေကေခိုင် | အမည်။ | အမည်။ |
| ရာထူး။ CF | ရာထူး။ | ရာထူး။ |

မှတ်ချက်။ ။ (PC-12) အစည်းအဝေးတက်ရောက်သူများစာရင်း ပူးတွဲတင်ပြရန်

## အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| ခေါင်းစဉ် | ဒုတိယ အကြိမ် ကျေးရွာ အစည်းအဝေး | | |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | မိုင်းထမ်း ကျေးရွာ၊ ဘောလခဲ ကျေးရွာအုပ်စု ဘောလခဲမြို့နယ် | | |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | ၁၀.၁၁.၁၇ ၊ နေ့လည် (၁:၀၀) နာရီ။ မိုင်းထမ်း ကျေးရွာ ဘုန်းကြီး ကျောင်း | | |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် | | |
| စုစုပေါင်းကုန်ကျငွေ | | | |
| ဦးဆောင်သူ | ဒေါ်ကေကေနိုင် (CF) | ရာထူး | CF/TF/Committee |

တက်ရောက်သူဦးရေ (Participants) ဒေါ်မူမိုင် (TF)၊

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၂၀ | ၄၇ | ၆၇ | ကယား -၃၉ ၊ ဗမာ - ၁၁ ၊ ရှမ်း - ၁၁ |
| ၂ | | | | အခြား - ၆ |
| | | | | |
| | | | | |

ရည်ရွယ်ချက် (Purpose)

၁။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အတွက် ပြင်ဆင်ခြင်း

၂။ ကျေးရွာ၏ အခက်အခဲ၊ ပြဿနာ၊ မျှော်မှန်းချက် များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ထွက်ပေါ်လာစေရန်

အစည်းအဝေး အစီအစဉ် (Agenda)

၁။ ယူမှု ဆန်းစစ်ခြင်းများအား ပြန်လည်တင်ပြခြင်း

၂။ အခက်အခဲ ပြဿနာ၊ အတားအဆီးများ၊ မျှော်မှန်းချက်များနှင့်
ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ်ခြင်း

၃။ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်း

၄။ အကျုံးဝင်/မဝင် သည့် လုပ်ငန်းခွဲများ၊ စံနှုန်းသတ်မှတ်ချက်
များ ရှင်းလင်းတင်ပြခြင်း

၅။ အကာအကွယ်များ အကြောင်း ရှင်းလင်းတင်ပြခြင်း

၆။ ရှေ့ဆက်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်း

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | ပထမ အကြိမ် ကျေးရွာ အစည်းအဝေး၌ ဆွေးနွေးခဲ့သည့် လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ် (၆) ချက်အား ပြန်လည် ဆွေးနွေးတင်ပြပါသည်။ | |
| ၂။ | အခက်အခဲ၊ အလားအလာ၊ အဆင်းများ၊ ပြဿနာများ၊ မျှော်မှန်းချက်များ နှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အမျိုးသား နှင့် အမျိုးသမီး (၁) ဖွဲ့စီ ခွဲ၍ ဖေါ်ဆောင်သူ (TF) နှင့် ဖေါ်ဆောင်ကူညီသူ (CF) မှ ဦးဆောင် ဆွေးနွေးကြပါသည်။ | ၂။ အမျိုးသား နှင့် အမျိုးသမီး တစ်ဖွဲ့စီခွဲ၍ ဆွေးနွေးရာ ထွက်ပေါ်လာသည့် ဖွံ့ဖြိုးရေး လုပ်ငန်း (၃) ခုအနက် ဦးစားပေး လုပ်ငန်းများ အဖြစ် ပြန်လည် ရွေးချယ် သတ်မှတ်ကြရာ ဦးစားပေး (၁) အဖြစ် ရွာတွင်း ကျောက်ချောလမ်း ခင်းခြင်း (ကျား+မ)<br>ဦးစားပေး (၂) ကျေးရွာ ခန်းမဆောင် ဆောက်လုပ်ခြင်း (ကျား+မ)<br>ဦးစားပေး (၃) ကျေးရွာအုပ်စု ဘောလုံးကွင်း မြေဖို့ခြင်း (ကျား+မ)<br>ဟူ၍ ကျေးရွာ လူထုများ အားလုံး သဘောတူ ရွေးချယ်ကြပါသည်။ |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၃။ | ဆက်လက်၍ ဒေါ်မူမူခိုင် (TF) မှ လူထုဗဟိုပြု စီမံကိန်းမှ အကျုံးဝင်သည့် လုပ်ငန်းခွဲများ အကြောင်း၊ အကျုံးမဝင်သည့် လုပ်ငန်းခွဲများ အကြောင်း၊ သဘာဝပတ်ဝန်းကျင် အကာအကွယ်နှင့် လူမှုရေး အကာအကွယ်များ အကြောင်း၊ ရန်ပုံငွေ ခွဲဝေခြင်း အတွက် အကျုံးဝင်သော စံနှုန်းများ အကြောင်း အသေးစိတ် ပြန်လည်ရှင်းလင်းတင်ပြပါသည်။ | |
| ၄။ | ဒေါ်ကေကေခိုင် (CF) မှ လုပ်ငန်းခွဲ များ လည်းတွက် ၍ပြီးဖြစ်၍ မိုင်းတမ်း ကျေးရွာ အုပ်စု အနေဖြင့် ကျေးရွာ တစ်ရွာချင်းစီမှ ပ၊ ဒု အကြိမ်အစည်း အဝေး များ ပြီးလျှင် စီတောက်ညှိရွှေ ဝေယံ အကြံပြုတိုင်ကြား ချက်ဖြေရှင်း ရေးကော်မတီ နှင့် ငွေစာရင်းကိုင် | |

| | | |
|---|---|---|
| | တို့မှ မိမိ ကျေးရွာကိုယ်စားပြု ရှိ ပထမ အကြိမ် အုပ်စု အစည်းအဝေး သို့ တက် ရောက် ရမည် ဖြစ်ကြောင်း နှင့် ရှေ့ဆက် လုပ်ရမည့် လုပ်ငန်း စဉ်များ အား ရှင်း လင်း တင်ပြပါသည်။ | |
| ၅။ | ကျေးရွာစီ မံခန့်ခွဲမှု ကော်မတီ ဥက္ကဌ (၂၇)ဦးမှ ကျေးဇူး တင် စကားပြော ကြား ပြီး ညနေ (၃:၃၀) အချိန်တွင် အစည်းအဝေး ကို ရုပ်သိမ်း ပါ သည်။ | |

| မှတ်တမ်းရေးသူ။ | စိစစ်သူ။ | အတည်ပြုသူ။ |
|---|---|---|
| လက်မှတ်။ (signature) | လက်မှတ်။ | လက်မှတ်။ |
| အမည်။ ဒေါ်ကေကေဆိုင် | အမည်။ | အမည်။ |
| ရာထူး။ CF | ရာထူး။ | ရာထူး။ |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး နှင့်လမ်း/တံတား | ၁ | ကျောက်ချောလမ်းခင်းခြင်း | အမျိုးသား + အမျိုးသမီး | ဇန်နဝါရီ/၂၀၁၈ | လူထု | - |
| | ၂ | ခန်းမဆောင်ဆောက်လုပ်ခြင်း | " | - | - | - |
| | ၃ | ဘောလုံးကွင်းပွဲကြည့်စင်ဆောက်လုပ်ခြင်း | " | - | - | - |
| | ၄ | KG ကလေးများအတွက်အားကစားကွင်းတည်ဆောက်ခြင်း | အမျိုးသမီး | - | - | - |
| | ၅ | စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း | " | - | - | - |
| | ၆ | လမ်းမီးတိုင်တိုးချဲ့သွယ်တန်းခြင်း | အမျိုးသား | - | - | - |
| အသက်မွေးဝမ်းကြောင်းနှင့် စိုက်ပျိုးရေး | ၁ | စက်ချုပ်သင်တန်း | အမျိုးသမီး | - | - | - |
| | ၂ | အလုပ်အကိုင်အခွင့်အလမ်းများဖော် | အမျိုးသား | - | - | - |
| | ၃ | ဆောင်ပေးခြင်း | | | | |
| | ၄ | စိုက်ပျိုးရေးအတွက်မျိုးစေ့များထောက်ပံ့ပေးခြင်း | အမျိုးသား | - | - | - |
| | ၅ | မွေးမြူရေးဆိုင်ရာသင်တန်းများထောက်ပံ့ပေးရန် | " | - | - | - |
| | ၆ | | | | | |
| ကျန်းမာရေးနှင့် ရေရရှိရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | [illegible] | အမျိုးသမီး | - | - | - |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | ထွန်စက်များထောက်ပံ့ပေးရန် | အမျိုးသမီး | - | - | - |
| | ၂ | အားကစားပစ္စည်းများထောက်ပံ့ပေးရန် | အမျိုးသား | - | - | - |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |